## အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၂ / ၂၀၂၄)

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်

# ကြေညာလွှာတင်သွင်းသူများ သိရှိနိုင်ပါရန်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ - ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှုအစီအစဉ် ( Myanmar’s Tariff Reduction Schedule with HS 2022 Version under ASEAN- Hong Kong, China Free Trade Area) အား အမိန့်ကြော်ငြာစာအမှတ်၊ ၁၉/၂၀၂၄ ဖြင့်လည်းကောင်း၊ အာဆီယံ - တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှုအစီအစဉ် (Myanmar’s Tariff Reduction Schedule with HS 2022 Version under ASEAN - China Free Trade Area) တို့အား အမိန့်ကြော်ငြာစာအမှတ်၊ ၂၀/၂၀၂၄ ဖြင့်လည်းကောင်း ၁-၄-၂၀၂၄ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ HS 2022 Version ဖြင့် ကူးပြောင်းချိတ်ဆက်ထားသည့် ACFTA နှင့် AHKFTA တို့နှင့်စပ်လျဉ်း၍ အကောက်ခွန်လျှော့နှုန်းခံစားမည့် သွင်းကုန်ပစ္စည်းများအတွက် အမိန့်ကြော်ငြာစာပါ စတင်အကျိုးသက်ရောက်သည့် ၁-၄-၂၀၂၄ ရက်နေ့မှစ၍ MACCS စနစ်ဖြင့် တင်သွင်းသော ကြေညာလွှာများ၌ HS 2022 Version ဖြင့် အကောက်ခွန်လျှော့နှုန်းခံစားခွင့်ရရှိနိုင်စေရန် MACCS စနစ်တွင် လိုအပ်သော Setting များ ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကြေညာလွှာတင်သွင်းသူများအနေဖြင့် အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက MACCS ဌာနခွဲ Help Desk Section နှင့် ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ CEPT Section သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**